Market Commentary

# Government Treasury Bonds & Bills

KBZSC
KBZ STIRLING COLEMAN SECURITIES CO., LTD

**KBZSC Securities Trading** Oct 19, 2020

## Covid-19 ကာလအတွင်း အစိုးရငွေတိုက်စာချုပ်များတွင် ရင်းနှီးမြှုပ်နှံသင့်သလား?

## Are Government Treasuries a good investment during Covid-19?

မင်္ဂလာပါ

လက်ရှိမြန်မာနိုင်ငံတွင် Covid-19 ကပ်ရောဂါ ဒုတိယလှိုင်းဖြစ်ပွားလျက်ရှိသည့် အချိန်တွင် လူကြီးမင်းတို့ နေအိမ်တွင် ကျန်းမာဘေးကင်းစွာ နေထိုင်လျက်ရှိသည်ဟု မျှော်လင့်ပါသည်။ လက်ရှိအချိန်တွင် လူကြီးမင်းတို့၏ ကျန်းမာရေးအခြေအနေမှာ အရေးကြီးဆုံးဖြစ်သော်လည်း ယခုကဲ့သို့ မသေချာမရေရာသည့် အချိန်တွင် မိမိ၏ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဂရုစိုက်ရန်လိုအပ်ပါသည်။

### လက်ရှိအချိန်တွင် ဘာကြောင့်အစိုးရငွေတိုက်စာချုပ်တွင် ရင်နှီးမြှုပ်နှံရန်စဉ်းစားသင့်ပါသလဲ?

လက်ရှိကာလကဲ့သို့ မသေချာမရေရာသည့် အချိန်တွင် လူကြီးမင်းတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆုံးရှုံးနိုင်ချေများကို လျှော့ကျနိုင်ရန် မိမိ၏ ရင်းနှီးမြှုပ်နှံမှုများကို ခွဲခြမ်းစိတ်ဖြာသင့်ပါသည်။ အစိုးရငွေတိုက်စာချုပ်များသည် နိုင်ငံတော်အစိုးရမှ ထုတ်ဝေရောင်းချခြင်းကြောင့် ပုံမှန်အားဖြင့် ဆုံးရှုံးနိုင်ချေနည်းပါးသည့်ရင်းနှီးမြှုပ်နှံမှုပုံစံဖြစ်ပါသည်။ အစိုးရငွေတိုက်စာချုပ်များသည် စတော့ရှယ်ယာကဲ့သို့ကုမ္ပဏီ၏ စွမ်းဆောင်ရည်အပေါ်မူတည်၍ ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်ရရှိခြင်းမဟုတ်ပဲ ရင်းနှီးမြှုပ်နှံမှုအပေါ် ပုံသေပြန်ရချက်တစ်ခုရရှိနိုင်ပါသည်။

Dear Valued Client,

First and foremost, we hope you are staying safe at home during this challenging time as the second wave of Covid-19 is well under way in Myanmar. While your physical well-being is clearly of utmost importance, you may also want to take care of your investments during this period.

### Why consider Government Treasuries during this time?

Having a diversified investment portfolio is a great way to reduce your investment risk during a time of uncertainty. Generally speaking, Government Treasuries can be considered as risk free investments as they are backed by the government. Unlike shares which are tied to the performance of a company, Government Treasuries offer a fixed return on your investment.

## အစိုးရငွေတိုက်စာချုပ်အမျိုးအစားဘယ်နှမျိုးရှိပါသလဲ?

အစိုးရငွေတိုက်စာချုပ်အမျိုးအစား (၂) မျိုးရှိပါသည်။ ပထမအမျိုးအစားဖြစ်သည့် ကာလတိုအစိုးရငွေတိုက်စာချုပ် (Treasury bill) များသည် ရင်းနှီးမြှုပ်နှံမှုသက်တမ်းအားဖြင့် (၁)နှစ်အထိရှိသည့် ငွေတိုက်စာချုပ်အမျိုးအစားဖြစ်ပါသည်။ Treasury Bill များသည် ကာလတိုအတွင်းငွေသား ပြန်လည်ဖော်ထုတ်နိုင်သောကြောင့် ကာလတိုရင်းနှီးမြှုပ်နှံသူများအတွက်ပိုမိုသင့်တော်သည့် ငွေတိုက်စာချုပ်အမျိုးအစားဖြစ်ပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရ အနေဖြင့် ၁ လ၊ ၃ လ၊ ၆ လနှင့် ၁၂ လ သက်တမ်းရှိသည့် ကာလတို အစိုးရငွေတိုက်စာချုပ်များကို ရောင်းချလျက် ရှိပါသည်။

ဒုတိယအမျိုးအစားဖြစ်သည့် ကာလရှည် အစိုးရငွေတိုက်စာချုပ် (Treasury bond) များသည်ရင်းနှီးမြှုပ်နှံမှုသက်တမ်း အားဖြင့် ၅ နှစ်အထိရှိပြီး၊ ၁ နှစ် ပုံသေအတိုးနှုန်း (fixed coupon) ၇.၅% အထိရရှိနိုင်သည့် ငွေတိုက်စာချုပ် အမျိုးအစားဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် ၁ နှစ် ၂ ကြိမ်ပုံသေအတိုးရရှိမည်ဖြစ်ပြီး ငွေတိုက်စာချုပ်သက်တမ်း ကုန်ဆုံးသည့်အချိန်တွင် ငွေတိုက်စာချုပ်၏မူရင်းတန်ဖိုးကို ပြန်လည်ရရှိနိုင်မည် ဖြစ်ပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ၂နှစ်နှင့် ၅နှစ်သက်တမ်းရှိသည့် ကာလရှည်အစိုးရငွေတိုက်စာချုပ်များကိုရောင်းချလျက်ရှိပါသည်။

## မြန်မာနိုင်ငံတွင်အစိုးရငွေတိုက်စာချုပ်ကို အရောင်းအဝယ်ပြုလုပ်လို့ရပါသလား?

လက်ရှိအချိန်တွင် KBZSC မှာ ရင်းနှီးမြှုပ်နှံသူအနေဖြင့် အစိုးရငွေတိုက်စာချုပ်များကို အရောင်းအဝယ်ပြုလုပ်နိုင်သည့် ထပ်ဆင့်ဈေးကွက်ကို ပြုလုပ်ပေးထားပါသည်။ လူကြီးမင်းတို့အနေဖြင့်ကျပ် ၁၀ သိန်းမှစ၍ အစိုးရငွေတိုက်စာချုပ်များကို မိမိတို့နေအိမ်မှတဆင့်သက်တောင့်သက်သာဖုန်းခေါ်ဆိုပြီးအရောင်းအဝယ်ပြုလုပ်နိုင်ပါသည်။ အစိုးရငွေတိုက်စာချုပ်များ၏ နေ့စဉ်ဝယ်ဈေးရောင်းဈေးများကို KBZSC Facebook စာမျက်နှာပေါ်တွင် နံနက်တိုင်းကြေညာပေးလျက်ရှိပါသည်။

## What are the different types of Government Treasuries?

There are two types of Government Treasuries. Treasury bills are short-term Government Treasuries with maturity of up to one year. They are a more suitable investment for those investors who want to manage short-term liquidity. At present, the Government of Myanmar issues four types of treasury bills, namely 1-month, 3-month, 6-month and 12-month treasury bills.

Treasury bonds are longer-term Government Treasuries with maturity up to five years. Investors are paid fixed coupon payments semi-annually, with coupon rates up to 7.5% per annum, and face value of the bond upon maturity. Currently, the Government of Myanmar issues 2-year and 5-year treasury bonds.

## Can you trade Government Treasuries in Myanmar?

Currently, KBZSC offers a secondary market which provides retail investors a platform to trade in treasury bonds and bills. Investors can trade treasury bonds and bills via phone call at the convenience of your home starting from MMK 10 lakhs. Daily buying and selling quotes for treasury bonds and bills are quoted at our KBZSC Facebook page every morning.

## Buying and Selling Quotes on October 19, 2020

၂၀၂၀ အောက်တိုဘာ ၁၉ ရက်နေ့ အစိုးရငွေတိုင်စာချုပ်၏ ဝယ်ဈေး/ရောင်းဈေး

| Security Identifier (ငွေတိုက်စာချုပ်အမှတ်) | Security Name (ငွေတိုက်စာချုပ်အမည်) | Maturity Date (DD/MM/YYYY) (သက်တမ်းကုန်ဆုံးမည့်နေ့) | Buying (MMK) (အဝယ်) | Selling (MMK) (အရောင်း) |
|---|---|---|---|---|
| GVT2103057 | Govt. of MM 05 March 2021 T-Bill | 05-03-2021 | 97,195.96 7.8% p.a. | - - |
| GVT2105078 | Govt. of MM 07 May 2021 T-Bill | 07-05-2021 | 95,790.97 8.1% p.a. | 95,940.53 7.8% p.a. |
| GVT2108064 | Govt. of MM 06 August 2021 T-Bill | 06-08-2021 | 93,833.47 8.3% p.a. | - - |
| GVT2110151 | Govt. of MM 15 October 2021 T-Bill | 15-10-2021 | 92,452.58 8.3% p.a. | 92,705.48 8.0 % p.a. |
| GVTB22086 | Govt. of MM 15 August 2022 T-Bond | 15-08-2022 | 99,564.34 8.3% p.a. | 100,057.60 8.0% p.a |

လူကြီးမင်း တို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆုံးရှုံးနိုင်ချေကို လျှော့ကျနိုင်ရန်နှင့် ကောင်းမွန်သောငွေကြေးစီမံခန့်ခွဲခြင်းများလုပ်ဆောင်နိုင်ဖို့ အစိုးရငွေတိုက်စာချုပ်များတွင် ရင်းနှီးမြှုပ်နှံရန်လေ့လာသုံးသပ်သင့်ပါသည်။ အစိုးရငွေတိုက်စာချုပ်နှင့်ပတ်သက်၍ အသေးစိတ် မေးမြန်းလိုပါက ဖုန်းနံပါတ်၀၁-၂၃၀၇၃၀၅-၀၈(သို့) trading@kbzsc.com တွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကျေးဇူးတင်ပါသည်။

You should take this opportunity to explore investing in treasury bonds and bills to spread your risk across a range of different investments. For further queries on treasury bonds and bills, please contact our Sales team via phone at 01-2307305~08 or email trading@kbzsc.com.

Thank you.

## KBZSC Securities Trading Department Contact Details


| | | | |
|---|---|---|---|
| License No. | : 001 | Website | : www.kbzsc.com |
| Telephone | : 01 230 7305 – 08 | Facebook | : www.facebook.com/KBZSC |
| Email | : trading@kbzsc.com | Office Hours | : 9:00 AM – 4:30 PM (Monday – Friday) |



*Disclaimer:*

*The ideas expressed here should not be construed as an enticement to buy or sell the securities mentioned. The accuracy or completeness of the information provided cannot be guaranteed. All customers should carry out independent verification of information provided. No warranty whatsoever is given and no liability whatsoever is accepted for any loss howsoever arising whether directly or indirectly as a result of actions taken based on ideas and information found in this presentation.*